## Press Release

# 9 Air လေကြောင်းလိုင်းမှ ပြေးဆွဲပျံသန်းသည့် ကွမ်မင်း ←→ ရန်ကုန် ခရီးစဉ် အောက်တိုဘာလ ၂၈ ရက်တွင် စတင်

- ခရီးစဉ်သစ်စတင်ပြေးဆွဲပျံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် ကျင်းပပြုလုပ်ခဲ့သည်။

**ရန်ကုန်- အောက်တိုဘာ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်** - ခရီးသည်ပေါင်း သန်း ၂၀ အထိဝန်ဆောင်မှုပေးနိုင်သော မြန်မာနိုင်ငံ၏ အကြီးမားဆုံး နှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) တွင် တရုတ်နိုင်ငံမှ စရိတ်နည်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် 9 Air လေကြောင်းလိုင်းမှ ပြေးဆွဲသည့် ကွမ်မင်း - ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို အောက်တိုဘာလ ၂၈ ရက်မှ စတင်၍ ပြေးဆွဲပျံသန်းနေပြီဖြစ်ပါသည်။

၎င်း ကွမ်မင်း - ရန်ကုန် အပြန်အလှန် တိုက်ရိုက်ခရီးစဉ်သစ်သည် 9 Air လေကြောင်းလိုင်း ၏ အောက်တိုဘာလ ၂ ရက်နေ့တွင် ကွမ်မင်း နှင့် မန္တလေးမြို့သို့ တိုက်ရိုက် စတင်ပျံသန်းခဲ့သော ခရီးစဉ်အပြီးတွင် မြန်မာနိုင်ငံသို့ ဒုတိယမြောက်မြို့တော် အဖြစ် ပျံသန်းပြေးဆွဲသော ခရီးစဉ်ဖြစ်ပါသည်။ အဆိုပါ ခရီးစဉ်သစ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၏ မြို့တော် ကွမ်မင်းမြို့တို့ အကြား ကူးသန်းသွားလာမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ မိသားစုဆွေမျိုးများထံသို့ အလည်အပတ်သွားရောက်သူများ နှင့် အခြားသော ခရီးသည်များအတွက် ခရီးသွားလာရေး ပိုမိုလွယ်ကူချောမွေ့လာစေမည်ဖြစ်ပါသည်။



*ခရီးစဉ်သစ်စတင်ပြေးဆွဲပျံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် အောက်တိုဘာလ ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့သည်။*

အဆိုပါခရီးစဉ်သစ်အတွက် ခရီးသည် ၁၈၉ ကိုးဦး တင်ဆောင်နိုင်သည့် ဘိုးရင်း ၇၈၇-၈၀၀ အမျိုးအစား လေယာဉ်ဖြင့် ပြေးဆွဲပျံသန်းသွားမည်ဖြစ်ပြီး ခရီးစဉ်ဈေးနှုန်းကို ကွမ်ကျိုး မှ ရန်ကုန် ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၈၂ ဒေါ်လာ (အခွန်မပါ) နှင့် ရန်ကုန် မှ ကွမ်ကျိုး ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာ (အခွန်မပါ) ဖြင့် စရိတ်သက်သာစွာ ဂယ်ယူစီးနင်းနိုင်မည်ဖြစ်ပါသည်။ 9 Air လေကြောင်းလိုင်း၏ စရိတ်နည်းခရီးစဉ်သစ်သည် တရုတ်နိုင်ငံ နှင့် မြန်မာနိုင်ငံရှိ ခရီးသွားများအတွက် ဈေးနှုန်းချိုသာစွာဖြင့် သက်တောင့်သက်သာရှိစွာ ခရီးသွားလာနိုင်သော ရွေးချယ်စရာတစ်ခုအဖြစ် ထပ်တိုးပြေးဆွဲပေးသွားမည် ဖြစ်ပါသည်။

**Flight Schedule (Local Time)**

| Tuesday/ Thursday/ Saturday/ Sunday | | |
|---|---|---|
| **Flight No.** | **Departure** | **Arrival** |
| **AQ - 1003** | Guangzhou (16:40) | Yangon (18:45) |
| **AQ - 1004** | Yangon (20:15) | Guangzhou (01:10) |

**About 9 Air**

9 Air လေကြောင်းလိုင်းသည် တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့ရှိ ကွမ်ကျိုးပိုင်ယွမ်အပြည်ပြည်ဆိုင်ရာလေဆိပ်အခြေစိုက် လေကြောင်းလိုင်းတစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှ စတင် ပြေးဆွဲလည်ပတ်နေသော စရိတ်နည်းလေကြောင်းလိုင်းတစ်ခုဖြစ်ပါသည်။ လက်ရှိ ကာလတွင် ဘိုးရင်း ၇၈၇-၈၀၀ အမျိုးအစား လေယာဉ် ၁၆ စင်းဖြင့် တရုတ်နိုင်ငံတွင်း မြို့ပေါင်း ၄၀ ကို ပြေးဆွဲပျံသန်းလျက်ရှိကာ လာမည့် ၂၀၁၈ နှစ်ကုန်ပိုင်းတွင် လေယာဉ်အစင်းရေ ၂၀ နှင့် ၂၀၂၅ ခုနှစ်တွင် အစင်းရေပေါင်း ၈၀ အထိ  ရောက်ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ပြေးဆွဲပျံသန်းသော ကွမ်ကျိုး - မန္တလေး၊ ကွမ်ကျိုး - ရန်ကုန် ခရီးစဉ်များ အပြီးတွင် 9 Air လေကြောင်းလိုင်းသည် ကွမ်ကျိုး - ကာလီဘို (ဖိလစ်ပိုင်) ၊ ကွမ်ကျိုး - ဘန်ကောက် (ထိုင်း) ၊ ကွမ်ကျိုး - ဒါနန် (ဗီယက်နမ်) နှင့် ကွမ်ကျိုး မှ ဂျပန်နိုင်ငံရှိ အထင်ကရမြို့များသို့ ပြည်ပခရီးစဉ်သစ်များ စတင်ပြေးဆွဲပျံသန်းသွားဦးမည် ဖြစ်ပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

# YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်ပေါင်း သန်း ၂ဝ ကို ဝန်ဆောင်မှုပေးနိုင်ရန်၊ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး နာရီတာ၊ အင်ချွန်း၊ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင် နှင့် တိုင်ပေအစရှိသော မြို့ကြီးများနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၅ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂ဝ၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။